# အီတလီနိုင်ငံဆိုင်ရာအချက်အလက်များ

၁။ အီတလီနိုင်ငံအား တရားဝင်အခေါ်အဝေါ်အနေဖြင့် အီတလီသမ္မတနိုင်ငံဟု ခေါ်ကြပြီး ဥရောပတိုက်တောင်ပိုင်းတွင် တည်ရှိပါသည်။ မြောက်ပိုင်းတွင် ပြင်သစ်၊ ဆွစ်ဇာလန်၊ စလိုဗေးနီးယားနှင့် ဩစတြီးယားနိုင်ငံတို့တည်ရှိပြီး ဆန်မာရီနိုနိုင်ငံနှင့် ဗာတီကန်စီးတီးတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ တောင်ဘက်တွင် မြေထဲပင်လယ်နှင့် ထိစပ်လျက်ရှိသည်။ နိုင်ငံ အကျယ်အဝန်းမှာ ၃၀၈,၃၃၁ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး လူဦးရေမှာ ၆၀.၆သန်း ဖြစ်ပါသည်။



## သမိုင်းကြောင်း

၂။ သမိုင်းတင်စခေတ်တွင် အီတလီနိုင်ငံအလယ်ပိုင်း၌ အီထရပ်လစကန်လူမျိုးတို့ နေထိုင်ခဲ့ကြသည်။ ထိုနောက် ဂရိလူမျိုးတို့နှင့် နောင်အခါတွင် သွေးနှောကာ အီတာလျံလူမျိုးဟု ဖြစ်လာသောလူမျိုးစုတို့သည် အီတလီတောင်ဘက်ပိုင်းနှင့် စစ္စလီကျွန်းသို့ လာရောက် အခြေစိုက်ခဲ့ကြ၏။ ထိုနောက် တစ်ဖန် ဥရောပတိုက်အလယ်ပိုင်းမှ ဂေါလ်လူမျိုးတို့သည် အီတလီနိုင်ငံမြောက်ပိုင်းမှ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာကြပြီးလျှင် ပိုးမြစ်ဝှမ်းတွင် အိုးအိမ်ထူထောင်နေထိုင်ကြသည်။ နောက်ဆုံး အီတလီတစ်နိုင်ငံလုံးကို ရောမဘုရင်များကြီးစိုးလွှမ်းမိုးသည့်အချိန်တွင် ဂျာမန်သွေးပါသည့် ဂေါ့သ်လူမျိုးတို့သည် အီတလီမြောက်ပိုင်းသို့ ဝင်ရောက်လာကြသည်။ ထိုနောက် နှစ်ပေါင်းလေးရာခန့် ကြာမြင့်သောအခါ အီတလီတောင်ဘက်ပိုင်းတွင် မွတ်စလင်များဖြစ်ကြသောအာရပ်လူမျိုးတို့ဝင်ရောက်လာကြပြန်သည်။ ရောမနိုင်ငံတော်ကြီး ထူထောင်ခဲ့သည့်ခေတ်က အီတလျံလူမျိုးတို့သည် ထင်ရှားကျော်ကြားခဲ့သည်။ သို့ရာတွင် အီတလီနိုင်ငံသမိုင်းဟူ၍ သီးခြားမရှိခဲ့ဘဲ ရောမနိုင်ငံတော်သမိုင်း၏ တစ်စိတ်တစ်ဒေသမျှဖြစ်ခဲ့သည်။ ရောမနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးချိန်မှသာလျှင် အီတလီနိုင်ငံသမိုင်းဟူ၍ မှတ်သားနိုင်ခဲ့သည်။

၃။ အေဒီ၄၇၆ခုနှစ်တွင် ရောမနိုင်ငံတော်ကို တိုက်ခိုက်သိမ်းယူခဲ့သော အိုဒိုးဇားဘုရင်သည် မိမိကိုယ်မိမိ အီတလီဘုရင်ဟူသောအမည်ကိုခံယူသည်မှအစ အီတလီနိုင်ငံသမိုင်းမှာ သီးခြားဖြစ်လာခဲ့သည်။ အိုဒိုးဇားဘုရင်ကို သီအိုဒိုရစ်က လာရောက်တိုက်ခိုက်ပြီးနောက် အီတလီနိုင်ငံကို အော့စတြိုဂေါ့သ်ဘုရင် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ၁၄၉၄ခုနှစ်တွင် ပြင်သစ်ဘုရင်အဋ္ဌမမြောက်ချားသည် နေပယ်ကိုသိမ်းပိုက်လိုက်၏။ ထို့နောက် စပိန်နှင့်ရောမသာသနာစောင့်နိုင်ငံတော်ဧကရာဇ် ပဥ္စမမြောက်ချားသည် အီတလီနိုင်ငံကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ထိုနောက်နှစ်ပေါင်း၂၀၀ခန့်အတွင်း အီတလီနိုင်ငံရှိပြည်နယ်တို့မှာ ဥရောပတိုက်ရှိထီးဆောင်းမင်းများနှင့် အီတာလျံမင်းသားများ၏အပြန်အလှန်သိမ်းယူအုပ်စိုးခြင်းကိုခံခဲ့ကြရသည်။ ယင်းသို့အုပ်စိုးခဲ့ရာတွင် မကြာခဏ နယ်လုစစ်ပွဲများဖြစ်ပွားခဲ့သည်။ ပြင်သစ်တော်လှန်ရေးပေါ်ပေါက်သောအခါ အီတလီပြည်နယ်များစုစည်းကာ ပြင်သစ်ကိုတိုက်ခိုက်ရန်ကြိုးစားခဲ့ကြသည်။

၄။ သို့ရာတွင် မအောင်မြင်ခဲ့ရုံမျှမက နပိုလီယန်က အီတလီကျွန်းဆွယ်တစ်ခုလုံးကို တိုက်ခိုက်ချေမှုန်းခဲ့လေသည်။ ပြင်သစ်လက်အောက်သို့ကျရောက်သွားသော အီတလီပြည်နယ်များအနက် ဗင်းနစ်ကို ဩစတြီးယားသို့ပေါင်းပေးခဲ့၍ ကျန်နယ်များကို သမ္မတပြည်ထောင် ငါးပြည်ထောင် ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

၅။ ပထမကမ္ဘာစစ်ကာလ ၁၉၁၅ခုနှစ်၊ မေလတွင် အီတလီနိုင်ငံသည် ဩစတြီးယား၊ ဟန်ဂေရီနိုင်ငံများကို စစ်ကြေညာခဲ့သည်ပြီး ဆက်လက်၍ ဘူလ်ဂေးရီးယား၊ တူရကီနှင့် ဂျာမနီနိုင်ငံတို့ကိုလည်း စစ်ကြေညာခဲ့သည်။ ယင်းသို့ အီတလီနိုင်ငံပါဝင်လာသည့်အတွက်

မဟာမိတ်နိုင်ငံများမှာ များစွာအထောက်အကူရရှိခဲ့သည်။ စစ်ပွဲတွင် လူပေါင်းခြောက်သိန်းကျော်သေ၍ တစ်သန်းကျော် ဒဏ်ရာရခဲ့သည်။ စစ်ကြီးပြီးဆုံးသည်နှင့် တစ်ပြိုင်နက် အီတလီနိုင်ငံတွင်း၌ နိုင်ငံရေးနှင့် စက်မှုလက်မှုအလုပ်သမားများအရေးသည် ရှုပ်ထွေးလာခဲ့လေသည်။ အခက်အခဲများမှာ ကုန်ဈေးနှုန်းများ အဆမတန်ကြီးခြင်း၊ စစ်ပြန်အလုပ်လက်မဲ့များပေါ်များခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများနှင့် စစ်ပြေငြိမ်းရေးအစီအစဉ်နှင့် စပ်လျဉ်း၍ မကျေနပ်မှုတို့ပင်ဖြစ်သည်။ ၁၉၁၉ခုနှစ်၊ မတ်လတွင် မူဆိုလီနီသည် နောက်လိုက်များကိုစုရုံးကာ ဖက်ဆစ်အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၆။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ပိုလန်နိုင်ငံကို ဂျာမန်စစ်တပ်များက ဝင်ရောက်တိုက်ခိုက်သောအခါတွင် မူဆိုလီနီသည် ထောက်ခံအားပေးခြင်းမပြုသေးဘဲ စေ့စပ်ရေးအတွက် ကြိုးစားခဲ့သည်။ ကမ္ဘာစစ်ကိုအချိန်ဆွဲလိုသော ပြင်သစ်နှင့်အင်္ဂလိပ်တို့ကလည်း မူဆိုလီနီ၏စေ့စပ်ရေးကိုသဘောတူကာ ဂျာမန်တပ်များကို ပိုလန်နိုင်ငံအတွင်းမှ ထွက်ခွာပေးရန် တောင်းဆိုကြသည်။ သို့ရာတွင် အာဏာရှင်ဟစ်တလာသည် စေ့စပ်ရေးကို လျစ်လျူရှုလိုက်သဖြင့် မူဆိုလီနီသည် ဝါဒတူ ဟစ်တလာဘက်သို့လိုက်ပါ၍ အင်္ဂလိပ်နှင့် ပြင်သစ်တို့အားစစ်ကြေညာပြီး ဒုတိယကမ္ဘာစစ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။



အီတလီဖက်ဆစ်အာဏာရှင်မူဆိုလီနီ

၇။ ၁၉၄၃ ခုနှစ်၊ မေလတွင် အာဖရိကတိုက်မြောက်ပိုင်းမှ ဝင်ရိုးတန်းတပ်များ စစ္စလီကျွန်းအထိ ဆုတ်ခွာခဲ့ကြရသည်။ ထိုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် မဟာမိတ်စစ်တပ်များက စစ္စလီကျွန်းကို တက်ရောက်တိုက်ခိုက်ခဲ့သောအခါ အီတာလျံဖက်ဆစ်ကောင်စီအဖွဲ့ကြီးအတွင်း

အပြင်းအထန်အခြေအတင်ဖြစ်ပွားပြီးနောက် မူဆိုလီနီကို ဝန်ကြီးချုပ်ရာထူးမှဖြုတ်ချ၍ အကျဉ်းချထားခဲ့ပြီးလျှင် မာရှယ်ဗဒေါ့လ်ျိုအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့သည်။ ထိုအခါ ဟစ်တလာသည် မူဆိုလီနီအား အချုပ်မှခိုးယူကယ်တင်ကာ ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အီတလီမြောက်ပိုင်း၌ ဖက်ဆစ်သမ္မတအစိုးရအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်ရန် ကူညီခဲ့သည်။ ဗဒေါ့လ်ျိုအစိုးရသည် မဟာမိတ်တို့နှင့် စစ်ပြေငြိမ်းရန်စေ့စပ်သော်လည်း နောက်ကျခဲ့ပြီဖြစ်သောကြောင့် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့တွင် ခြွင်းချက်မရှိ လက်နက်ချလိုက်ရသည်။ အုပ်ချုပ်ရေးကို ဗဒေါ့လ်ျိုအား ပြန်လည်ပေးအပ်သော်လည်း ၁၉၄၄ ခုနှစ်တွင် ဗဒေါ့လ်ျိုရာထူးမှနုတ်ထွက်လိုက်သဖြင့် ဆိုရှယ်လစ်ခေါင်းဆောင် အီဗနိုဗိုနိုမီသည် ဝန်ကြီးချုပ်ဖြစ်လာသည်။ အီတလီနိုင်ငံမြောက်ပိုင်းကို ဂျာမန်တို့ကြိုးကိုင်သော မူဆိုလီနီ၏ရုပ်သေးအစိုးရက အုပ်ချုပ်နေခဲ့သည်။ ၁၉၄၅ခုနှစ်၊ ဧပြီလတွင် မဟာမိတ်တို့သည် အီတလီမြောက်ပိုင်းသို့ တိုက်စစ်ဆင်၍ ချီတက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် မူဆိုလီနီသည် သူ၏မိသားစု၊ အစိုးရအဖွဲ့ဝင်တို့နှင့်အတူ ဆွစ်ဇာလန်သို့ ထွက်ပြေးခဲ့ရာ နယ်စပ်ရှိကိုးမိုအိုင်အနီးတွင် ကွန်မြူနစ်ပါတီဝင်များက ဖမ်းဆီးရမိသဖြင့် အားလုံးကွပ်မျက်ခံခဲ့ရသည်။

၈။ ၁၉၄၆ခုနှစ်၊ ဇွန်လ၂ရက်နေ့တွင် လူထုဆန္ဒခံယူပွဲပြုလုပ်ခဲ့ပြီး သမ္မတနိုင်ငံအဖြစ် ရောက်ရှိလာခဲ့သည်။ အဆိုပါနေ့အား Republic Dayဟု သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်တွင် ပထမဆုံးအနေဖြင့် အမျိုးသမီးများဆန္ဒမဲပေးပိုင်ခွင့်ရရှိလာခဲ့သည်။ ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့တွင် အခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၄င်းတို့၏ ကိုလိုနီနယ်အားလုံးကို လက်လွှတ်ဆုံးရှုံးခဲ့သည်။ ၁၉၄၈ခုနှစ်၊ ဧပြီလ ၁၈ရက်နေ့တွင် ကျင်းပသောရွေးကောက်ပွဲတွင် အယ်ဆစ်ဒီဂတ်စပါရီ၏ခရစ်ယာန်ဒီမိုကရက်တစ်ပါတီမှ တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။ ၁၉၄၉ခုနှစ်တွင် နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ အမေရိကန်တို့၏မာရှယ်စီမံကိန်းသည် စစ်ပြီးခေတ် အီတလီနိုင်ငံထူထောင်ရေးအား များစွာအထောက်အကူပြုခဲ့သည်။ ၁၉၆၀နှောင်းပိုင်းမှ၁၉၈၀ပြည့်နှစ်ထိကာလများသည် အီတလီနိုင်ငံတွင် နိုင်ငံရေးအကြမ်းဖက်မှုများ ပြင်းထန်ခဲ့သောကာလဖြစ်ပြီး ထိုကာလအား Years of Leadဟု ခေါ်တွင်ကြသည်။ လက်ဝဲဝါဒီ Red Brigades ၊ လက်ယာစွန်းရောက် National Vangardနှင့် အစိုးရတို့အကြား နိုင်ငံရေးအကြမ်းဖက်မှုများ၊ အဓိကရုဏ်းများကြောင့် ပြည်သူနှင့်အစိုးရအမှုထမ်း ၅၀၀မှ၁၀၀၀ကြား သေကြေခဲ့သည်။ အဆိုပါအစွန်းရောက်အဖွဲ့အစည်းများနောက်ကွယ်တွင် အမေရိကန်ပြည်ထောင်စုနှင့်ဆိုဗီယက်ယူနီယံထောက်လှမ်းရေးအဖွဲ့အစည်းများက ထိန်းချုပ်ကြိုးကိုင်ခဲ့သည်။

၉။ ၁၉၇၈ခုနှစ် ဘိုလော့ဂ်နာဘူတာရုံအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အယ်လ်ဒိုမိုရိုသေဆုံးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဂျီယိုဗန်နီစပါဒိုလီနီ၏လစ်ဘရယ်ပါတီနှင့် ဘက်တီနိုခရက်စီ၏ဆိုရှယ်လစ်ပါတီတို့သည် ၁၉၄၅ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့အတွင်း အားကောင်းလာသည်။ ခရက်စီအစိုးရ

သည် စီးပွားရေးပြုပြင်မှုများဆောင်ရွက်ခဲ့ပြီးနောက် အီတလီသည် ကမ္ဘာ့ပဥ္စမမြောက်စက်မှု အင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိလာသည်။

၁၀။ ၁၉၉၀ပြည့်နှစ်အစောပိုင်းကာလများအတွင်း အီတလီသည်ကြွေးမြီပြသနာများ၊ အကျင့်ပျက်ခြစားမှုများထူပြောလာခဲ့ကာ အဆိုပါပြသနာများအား Clean Hand စုံစမ်းဖော်ထုတ်မှုမှ ဖွင့်ချခဲ့သည်။ အဆိုပါပြသနာများတွင် အဓိကနိုင်ငံရေးပါတီများအားလုံး ပတ်သက်ဆက်နွယ်နေသော်လည်း နိုင်ငံအား နှစ်ပေါင်း(၅၀)ခန့်အုပ်ချုပ်ခဲ့သည့် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီမှာ ပိုမိုအထိနာခဲ့သည်။ ထိုအချိန်တွင် ဆိုရှယ်ဒီမိုကရက်တစ်တို့ ပြန်လည်အားကောင်းလာခဲ့ပြန်သည်။ ၁၉၉၄ခုနှစ်၊ မတ်လ ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် Forza italiaပါတီမှ မီဒီယာလုပ်ငန်းရှင်ဘာလူစကိုနီသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သို့သော်လည်း ၎င်း၏ အကျင့်ပျက်ခြစားမှုနှင့် မာဖီးယားတို့နှင့်ပတ်သက်ဆက်နွယ်မှုသတင်းများ ထွက်ပေါ်လာခဲ့သည့်အပြင် အစိုးရအဖွဲ့၏ယိုယွင်းလာမှုများကြောင့် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။ ၁၉၉၆ခုနှစ်၊ ဧပြီလတွင် ဝန်ကြီးချုပ်နေရာအတွက်ပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲတွင် ဘာလူစကိုနီကထပ်မံဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဗဟို-လက်ဝဲယိမ်းပါတီမှကိုယ်စားလှယ် Romano Prodiကို ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင်၂၀၀၁ခုနှစ်၊ မေလ ပါလီမန်ရွေးကောက်ပွဲတွင် ဘာလူစကိုနီသည် ဗဟို-လက်ယာယိမ်းပါတီမှနေ၍ ဝန်ကြီးချုပ်အဖြစ် ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး ဗဟို-လက်ဝဲယိမ်းပါတီမှ ကိုယ်စားလှယ် Francesco Rutelliကို အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဘာလူစကိုနီသည်၂၀၀၆ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တိုင်ရွေးကောက်ခံခဲ့ရသည်။

၁၁။ ဘာလူစကိုနီသည်၂၀၀၆ခုနှစ်၊ ဧပြီလတွင်ကျင်းပသော ပါလီမန်ရွေးကောက်ပွဲတွင် ဗဟို-လက်ယာယိမ်းညွန့်ပေါင်းပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်မူ Romano Prodiကို ပြိုင်ဘက်အဖြစ် ထပ်တွေ့ပြီး မဲအနည်းငယ်အကွာနှင့် ရှုံးနိမ့်ခဲ့သည်။ ၂၀၀၈ခုနှစ်၊ ဧပြီလတွင် ပါလီမန်ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရပြီး ဘာလူစကိုနီအစိုးရအဖွဲ့သည် ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်နေ့တွင် တဖန်ပြိုလဲခဲ့သည်။ ၂၀၀၈ခုနှစ်၊ မေ၈ရက်နေ့တွင် ဝန်ကြီးချုပ် Romano Prodi ၏အစိုးရအဖွဲ့ ပြန်လည်အုပ်ချုပ်ခဲ့သည်။

**နိုင်ငံရေး**

၈။ ၁၉၄၆ခုနှစ်၊ ဇွန်လတိုင်အောင် အီတလီနိုင်ငံမှာ ဘုရင်အုပ်စိုးသောနိုင်ငံဖြစ်ခဲ့သည်။ ထိုလတွင် သမ္မတနိုင်ငံအဖြစ်ကြေညာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အီတလီသည် ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးသောနိုင်ငံတစ်ခုဖြစ်ပြီး ပါလီမန် (၂)ရပ်ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းပါလီမန်များမှာ Chamber of Deputiesနှင့်Senate of the Republic တို့ဖြစ်သည်။ Chamber of Deputies သည် အောက်လွှတ်တော်ဖြစ်ပြီး အမတ်နေရာ (၆၃၃)နေရာဖြင့် ဖွဲ့စည်းထားသည်။ ထိုအမတ်နေရာများအတွက် မဲဆန္ဒနယ်(၁၀၀) သတ်မှတ်ထားပြီး မဲဆန္ဒနယ်၏အရွယ်အစား၊ လူဦးရေပေါ်အခြေခံကာ မဲဆန္ဒနယ်တစ်ခုလျှင် အမတ်နေရာ ၃ နေရာမှ ၉နေရာအထိ ရွေးကောက်တင်မြှောက်သည်။ သက်တမ်းမှာ (၅)နှစ် သက်တမ်းဖြစ်သည်။ Senate of the

Republicသည် အထက်လွှတ်တော်ဖြစ်ပြီး အမတ်(၃၁၅)နေရာဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ အမတ်နေရာများအား ဒေသကိုအခြေခံရွေးကောက်ထားခြင်း ဖြစ်ပါသည်။ အဆိုပါ (၃၁၅) နေရာအနက်မှ (၆)နေရာသည် Life time senatorများဖြစ်ပြီး သမ္မတမှ ခန့်အပ်ပါသည်။ ၎င်းအမတ်(၆)နေရာအတွက် သမ္မတဟောင်း(၂)ဦး၊ စီးပွားရေးပညာရှင်(၁)ဦး၊ ဗိသုကာ ပညာရှင် (၁)ဦး၊ ရူပဗေဒပညာရှင်(၁)ဦးနှင့် ပညာရေးကျွမ်းကျင်သူ(၁)ဦး ခန့်အပ်ထား ပါသည်။

၉။ သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲ ဖြစ်သည်။ ဝန်ကြီးချုပ်အား သမ္မတမှခန့်အပ်ပါသည်။ လက်ရှိသမ္မတမှာ ဆာဂျီယိုမက်တာ ရယ်လာဖြစ်ပြီး ဝန်ကြီးချုပ်မှာ မက်တီယိုရန်ဇီဖြစ်ပါသည်။

## စီးပွားရေး

၁၀။ အီတလီနိုင်ငံသည် စီးပွားရေးတိုးတက်မှုအားကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပတွင် တတိယနှင့် ကမ္ဘာတစ်ဝှမ်းတွင် (၈)နိုင်ငံမြောက် စီးပွားရေးအင်အားအကြီးမားဆုံး နိုင်ငံဖြစ်သည်။ G8 ၊ G7နှင့်OECD အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ကာ ကမ္ဘာတွင် လူမှုဖွံ့ဖြိုးမှုအညွှန်းကိန်းမှာ (၈)နိုင်ငံမြောက်အမြင့်မားဆုံးနိုင်ငံဖြစ်သည်။။ စက်မှုလုပ်ငန်းထွန်းကားသောနိုင်ငံတစ်နိုင်ငံဖြစ်ကာ နိုင်ငံတွင်းတည်ထောင်ထားသော စက်မှု နယ်မြေများသည် အီတလီကုန်ထုတ်လုပ်ငန်း၏ကျောရိုးဖြစ်ကာ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများအား ဟန်ချက်ညီထိန်းညှိထားနိုင်ခြင်းသည် အီတလီစီးပွားရေးတိုးတက်မှု၏ အကြောင်းခံတစ်ရပ်ပင်ဖြစ်သည်။

၁၁။ ပြည်ပပို့ကုန်တင်ပို့မှုတွင် အဆင့်(၇)နေရာတွင်ရှိပြီး အီးယူနိုင်ငံများနှင့် ကုန်သွယ်မှု ပမာဏသည် စုစုပေါင်းကုန်သွယ်မှု၏(၅၉ရာခိုင်နှုန်း)ဖြစ်သည်။ ကမ္ဘာတွင် ဝိုင်ထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံဖြစ်ကာ အရည်အသွေးမြင့်မိုဘိုင်းဖုန်းထုတ်လုပ်မှု၊ စက်ပစ္စည်းအစိတ် အပိုင်းများထုတ်လုပ်မှု၊ အစားအသောက်နှင့် ဖက်ရှင်ပစ္စည်းများထုတ်လုပ်မှုတို့သည် အဓိက ထုတ်လုပ်မှုများဖြစ်ပါသည်။ အီတလီနိုင်ငံ၏ နာမည်ကျော်စက်မှုထုတ်ကုန်တစ်ခုမှာ ဖာရာရီ ပြိုင်ကားထုတ်လုပ်မှုလုပ်ငန်းဖြစ်သည်။

၁၂။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အီတလီနိုင်ငံတွင်လျင်မြန်စွာဖွံ့ဖြိုးလျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅.၅ ဘီလီယံ ရရှိခဲ့ သည်။ အီတလီထုတ်ကုန်ဈေးကွက်သည် ဥရောပတိုက်မှစားသုံးသူသန်း(၅၀၀) အား ကိုယ်စား ပြုထားပါသည်။ အလုပ်လက်မဲ့နှုန်းမှာ (၁၁.၉)ရာခိုင်နှုန်းဖြစ်ပါသည်။ စုစုပေါင်းအသားတင် ထုတ်လုပ်မှုနှုန်းမှာ အမေရိကန်ဒေါ်လာ (၂.၂၁၃)ထရီလီယံဖြစ်ပြီး တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၆,၁၉၁ ဖြစ်ပါသည်။ နိုင်ငံသုံးငွေကြေးစနစ်မှာ ယူရိုငွေကြေးစနစ် ဖြစ်သည်။

**လူမှုရေး**

၁၃။ လူဦးရေစုစုပေါင်း (၆၀.၆)သန်းကျော်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းတွင် (၂၃)နိုင်ငံမြောက်နှင့် ဥရောပတွင် ဆဋ္ဌမမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ အီတလီနိုင်ငံတွင် ပြည်ပမှ လာရောက်အခြေချနေထိုင်သူ(၄.၉)သန်းခန့်ရှိပြီး လူဦးရေ၏(၈.၁)ရာခိုင်နှုန်းဖြစ်သည်။ အရှေ့ဥရောပ ယခင်ဆိုရှယ်လစ်နိုင်ငံများမှ ပြောင်းရွှေ့လာသူအများစုဖြစ်ပြီး ရိုမေးနီးယား၊ အယ်လ်ဘေးနီးယား၊ ယူကရိန်းနှင့် ပိုလန်တို့မှဖြစ်ပါသည်။ အာရပ်နွေဦးကာလနောက်ပိုင်း မြောက်အာဖရိကနိုင်ငံများဖြစ်သည့် မော်ရိုကို၊ အီဂျစ်နှင့်တူနီးရှားတို့မှ ဝင်ရောက်လာမှုပိုမိုများပြားလာခဲ့သည်။

၁၄။ ရိုမေးနီးယားလူမျိုး(၁)သန်းခန့်သည် လက်ရှိအချိန်တွင် အခြေချနေထိုင်လျှက်ရှိပါသည်။ အယ်ဘေးနီးယားနှင့် မော်ရိုကို (၅၀၀,၀၀၀)စီခန့်သည်လည်း အသီးသီးအခြေချနေထိုင်လျှက်ရှိပါသည်။ အီတလီနိုင်ငံတွင် အခြားဒေသများမှ လာရောက်နေထိုင်သူရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဥရောပတိုက်သား | - | ၅၄ ရာခိုင်နှုန်း |
| (ခ) | အာဖရိက | - | ၂၂ ရာခိုင်နှုန်း |
| (ဂ) | လက်တင်အမေရိက | - | ၈ ရာခိုင်နှုန်း |
| (ဃ) | သမုဒ္ဒရာပိုင်း | - | ၀.၀၆ ရာခိုင်နှုန်း |

၁၅။ ရွှေ့ပြောင်းအခြေချနေထိုင်သူစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းမှာ စီးပွားရေးကောင်းမွန်သည့် နိုင်ငံ၏မြောက်ပိုင်းနှင့်အလယ်ပိုင်းတွင် အများဆုံးနေထိုင်ကြပြီး ၁၃ ရာခိုင်နှုန်းသာ တောင်ပိုင်းတွင် နေထိုင်ကြသည်။ မြို့တော်မှာ Romeဖြစ်ပြီး လူဦးရေအများဆုံးဖြစ်ကာ လူဦးရေ (၄)သန်းကျော်နေထိုင်သည်။ အခြားလူဦးရေထူထပ်သောမြို့ကြီးများမှာ မီလန်၊ နေပယ်လ်၊ တူရင်၊ ပါလာမိုစသည့်မြို့ကြီးများဖြစ်သည်။

၁၆။ အီတလီနိုင်ငံတွင် ကိုးကွယ်မှုအများဆုံးဘာသာမှာ ရိုမန်ကက်သလစ်ဘာသာဖြစ်ပြီး လူဦးရေ၏ ၈၁.၂ ရာခိုင်နှုန်းကိုးကွယ်သည်။ အခြားလူနည်းစုကိုးကွယ်သည့် ခရစ်ယာန်ဘာသာရေးများမှာ အရှေ့အော်သိုဒေါ့စ်နှင့် ပရိုတက်စတင့်တို့ဖြစ်သည်။ အော်သိုဒေါ့စ် ခရစ်ယာန် ၁.၅သန်း ခန့်ရှိပြီး လူဦးရေ၏ ၂.၅ ရာခိုင်နှုန်းဖြစ်သည်။ အခြားဘာသာတစ်ခုမှာ ဂျူးဘာသာရေးဖြစ်ပြီး ကိုးကွယ်သူဦးရေ (၂၈,၄၀၀)ခန့်ရှိသည်။ အစ္စလာမ်ဘာသာကိုးကွယ်သူ ၁.၆ သန်းရှိပြီး လူဦးရေ၏ ၂.၆ ရာခိုင်နှုန်းဖြစ်သည်။ အခြားဘာသာကိုးကွယ်သူများအနေဖြင့် ဟိန္ဒူ ၇၀,၀၀၀ နှင့် ဗုဒ္ဓဘာသာ ၅၀,၀၀၀ ခန့်ရှိပါသည်။

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ဆောင်ရွက်မှုတို့သည် ၂၀၁၂ခုနှစ်တွင် ကမ္ဘာ့ဒုတိယ အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်ခဲ့ပြီး ပျမ်းမျှသက်တမ်းမှာ အမျိုးသား(၈၀)နှစ်နှင့် အမျိုးသမီး (၈၅)နှစ်ဖြစ်သည်။ ကမ္ဘာတွင် ဆဋ္ဌမမြောက်လူ့သက်တမ်းအရှည်ဆုံးနိုင်ငံဖြစ်သည်။

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေး

၁၈။ အီတလီ-မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနောက်ပိုင်းတွင် ပိုမိုအားကောင်းလာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီး ဂျူလီယိုတာဇီ သည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခဲ့သည်။ သမ္မတဦးသိန်းစိန်သည် ၂၀၁၃ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် အီတလီနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် သည်လည်း ၂၀၁၃ခုနှစ်၊ အောက်တိုဘာလအတွင်း အီတလီနိုင်ငံသို့သွားရောက်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အီတလီနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘင်နီဒက်တိုဒယ်လာဗီဒိုဗာ သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

၁၉။ ယဉ်ကျေးမှုပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖြစ် အီတလီရှေးဟောင်းသုတေသန ပညာရှင်များသည် ပြည်မြို့ရှိ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းတွင် မြန်မာ့ ရှေးဟောင်းသုတေသနပညာရှင်များနှင့် အတွေ့အကြုံဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး သရေခေတ္တရာမြို့ဟောင်းလေ့လာခြင်းအား ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အီတလီနိုင်ငံမှ NGO အဖွဲ့အစည်း (၆)ခုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး နာဂစ်မုန်တိုင်းလွန်ကာလများတွင် ပြန်လည်ထူထောင်ရေးအတွက် အီတလီနိုင်ငံမှ ယူရိုငွေ ၄သန်းတန်ဖိုးရှိ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။ သမ္မတဦးသိန်းစိန် ၂၀၁၃ခုနှစ် အီတလီနိုင်ငံသို့သွားရောက်ခဲ့စဉ် မြန်မာနိုင်ငံမှ ချေးငွေစုစုပေါင်း၏ ၅၀ရာခိုင်နှုန်းအား လျှော်ပေးရန် သဘောတူညီမှုရရှိခဲ့ပါ သည်။

## အီတလီအထက်လွှတ်တော်၊နိုင်ငံခြားရေးရာအမြဲတမ်းကော်မတီဥက္ကဋ္ဌ

## Mr. Pier Ferdinando Casini ၏ကိုယ်ရေးအကျဉ်း



Mr. Pier Ferdinando Casini အား ဘိုလော့ဂ်နာမြို့တွင် ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ဥပဒေဘွဲ့ရတစ်ဦးဖြစ်ပြီး ၁၉၈၃ခုနှစ်တွင် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ၏ အထက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခြင်းခံရပါသည်။ ၎င်းသည် ၁၉၉၃ခုနှစ်တွင် ဗဟိုခရစ်ယာန်ဒီမိုကရက်တစ်ပါတီကို တည်ထောင်ခဲ့ပါသည်။ ၂၀၀၁ခုနှစ်တွင် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းတာဝန်ကို ၂၀၀၆ခုနှစ်အထိဆောင်ရွက်ခဲ့သည်။ ၂၀၀၆ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာခရစ်ယာန်ဒီမိုကရက်တစ်ပါတီ၏ဒုတိယဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရာ ယနေ့အထိ ထမ်းဆောင်ဆဲဖြစ်ပါသည်။ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာပါလီမန်များအသင်း(IPU)၏ ဂုဏ်ထူးဆောင်နာယကအဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။